
ငွေရည်ဖွဲ
အမုန်းနိယာမကြားမှ
ချစ်လိုပ်ပြာ

## အပိုင်း (၁)

"သမီးရေ ... သမီးအနမ်းလေး ... ထတော့လေ ... သမီးနမ်းရှိုက်ခွင့် ... မေမေ နှိုးနေတယ်လေ"

ဒါကတော့ အနမ်းရဲ့မေမေ ... ဒေါ်နန်းသင်ဇာပါ။ သူမအိပ်နေလို့ နှိုးရအောင် အိမ်ပေါ် တက်လာရင်းနဲ့ လှေကားပေါ်ကနေ အော်နှိုးနေတာ ပြီးမှ အခန်းထဲ ဝင်နှိုးရန် တံခါးခေါက်ပြီး ဝင်သွားလိုက်သည်။ အခန်းထဲရောက်တော့ သူမရဲ့သမီးတော် အိပ်နေပုံက စောင်ကအောက်မှာ လုံးပြီးကျနေတယ်။ လူကခုတင်နဲ့ကန့်လန့် အဲဒီလောက်တောင် မိန်းကလေးပီသစွာ အိပ်တတ်တဲ့သူမ အသက်ကသာ ၁၈ပြည့်ပြီးလို့ ၁၉ထဲရောက်နေပြီ အခုချိန်ထိ ကလေးစိတ်က မကုန်သေး။ ဒေါ်သင်ဇာလည်း အတွေးတွေကိုရပ်ကာ အနမ်းလေးကို နှိုးဖို့ပြင်လိုက်သည်။

"အနမ်းလေးရေ ... သမီးလေးထတော့ မေမေ့ကို ကူလုပ်ပေးဦးလေ ... "

"မေမေ ... အနမ်းထနေပြီ ... မျက်နှာသစ်ဖို့တောင် ပြင်နေပြီသိလား ... ... "

သူမစိတ်ထဲမှာ ... သူမမေမေက ... အိမ်အောက်ကနေ ခေါ်နေတယ်ထင်ပြီး ပြောလိုက်တာပါ။ နမ်းရှိုက်ခွင့်တို့က အဲဒီလိုပါဆို ... မျက်လုံး အရင်မဖွင့်ဘူး ပြောချင်ရာပြောတာ။

ဒေါ်သင်ဇာလည်း သူမသမီးက မျက်လုံးမဖွင့်ပဲ ပြောချင်ရာ ပြောနေတာကြောင့် အနားမှာ ရှိနေတာသိအောင် နားရွက်ဆွဲလိုက်သည်။

ဒါတောင် ... မိအနမ်းတို့က ဘာပြောတယ်မှတ်လဲ။

"အားလားလား ... သေပါပြီ ... မေမေကအိပ်မက်ထဲမှာ နားရွက်ဆွဲတာ တောင် အပြင်မှာ ဆွဲသလိုပဲ နာလိုက်တာ ... "

ဆိုပြီး ... ပါးစပ်ကယောင်သတဲ့။ ဒေါ်သင်ဇာလည်း နားနားကပ်ပြီး အော် လိုက်တယ်။

"ဟဲ့ ... နမ်းရှိုက်ခွင့် ထတော့ ... "

အဲဒီကျမှ အနမ်းလည်း ပြူးပြူးပျာပျာနဲ့ လန့်ပြီးနိုးလာသည်။

"ဟင် ... မေမေ ... မေမေက အနမ်းအခန်းထဲ ဘယ်လိုလုပ် ရောက်နေတာ လဲ ... "

"ငါရောက်နေတာကြာပြီ မိအနမ်းနင့်ရဲ့ နားရွက်ကလေးကိုတောင် ဆွဲ လိုက်သေးတယ်လေ"

"ဟင် ... အဲဒါဆိုမေမေက အနမ်းကို တကယ်နားရွက်ဆွဲတာပေါ့ ... ဟီး ... အနမ်းက အိပ်မက် မက်နေတယ်ထင်နေတာ ... "

"အခုအိပ်မက် မဟုတ်တာသိပြီမလား ... မျက်နှာသွားသစ် ... ပြီးရင် ဘေး အိမ်တွေ ... ဖိတ်စာလိုက်ဖိတ် သွား ... နင့်အဖေ ဖိတ်စာတွေ သွားယူနေ တယ် ... "

"ဟုတ်ကဲ့ပါ မေမေ ... "

အနမ်း ပြောလိုက်တော့ မေမေလည်း ... ထွက်သွားပါသည်။ အနမ်းလည်း ရေချိုးရန် ရေချိုးခန်းထဲ ဝင်လာခဲ့တော့တယ်။

အနမ်းရဲ့ပုံစံလေးက ... ချစ်စရာကောင်းတယ်။ ... အသားအရေလေးက ဖွေးဥနေသလို မျက်လုံးဝိုင်းဝိုင်း ... နှာတံစင်းစင်းလေးနဲ့ မျက်တောင်ရှည် လေးတွေ ကလည်း ကော့ညွတ်နေရော ... သူများတွေမတူပဲ တစ်မူထူးခြား

နေတာက သူမရဲ့ဦးခေါင်းထက်က ရွှေအိုရောင် ဆံပင်လေးတွေပါ ... သူမရဲ့ ဆံပင်အရောင်က ... မွေးကတည်းကပဲလို့ ဆိုရမယ် ... ကျောင်းတက်တော့ ... ဆရာမတွေက ဆံပင်အရောင်နဲ့ မတက်ရဘူးပြောတော့ ... အနက်ဆေး ဆိုးပါသေးတယ် ခဏပဲနက်ပြီး နောက်တော့ အရင်လိုပြန်ဖြစ်သွားရော ... ဘယ်လိုမှလုပ်လို့ မရတဲ့နောက် ... ဆရာမတွေကိုပြောကာ ... ရွှေအိုရောင် လေး အတိုင်းပဲ ထားလိုက်ရသည်။

အခုဆိုဆံပင်က ... ခါးလယ်ကျော်နေပါပြီ ... ထိုဆံပင်လေးတွေကို ... လှိုင်းတွန့်ပုံစံလေး ကောက်ထားတာက သူမမျက်နှာလေးနဲ့ သိပ်ကိုချစ်စရာ ကောင်းသည်။

အနမ်းလည်း ... မျက်နှာသစ်ရေးချိုးပြီးတော့ ထွက်လာသည်။ အခန်းထဲ ရောက်တော့ ... မျက်နှာပေါ်ကို cream ပါးပါးလေး လိမ်းကာ ... နှုတ်ခမ်းဖူး ဖူးလေးကို သူမဆိုးနေကျ Lipstick ပန်းရောင်ဖျော့ဖျော့လေး တင်လိုက် သည် ...။ ပြီးတော့ ... ဂါဝန် မိုးပြာရောင်လေးကို ဝတ်ဆင်ပြီး ... ဆံပင်လေး တွေကို ဒီတိုင်းဖြန့်ချထားလိုက်တော့ သူမရဲ့ပုံစံက ကလေးလေး တစ် ယောက်လို ချစ်စရာ ကောင်းသလို သူမရဲ့ပြင်ဆင်မှုကလည်း ပြီးသွား လေ၏။

အနမ်းလည်း ကိုယ့်ဟာကိုယ် ... မှန်ရှေ့ရပ်ကာကြည့်ပြီး ကျေနပ်လေ သည်။

"ဟီး ... ငါတော်တော်ချောတာပဲ ... အဲ ... သဘောကျနေလို့ မရဘူး ... တော်ကြာမေမေက လှမ်းအော်နေမှဖြင့် ... "

အနမ်းလည်း ... သူ့ဟာသူပြောပြီး ... အခန်းထဲကထွက်ကာ ဆင်းလာ တော့သည်။

***

"မေမေ … … အနမ်း … ဗိုက်ဆာပြီ … "

"ဟဲ့ … မိအနမ်း နင်အခုမှလည်း ဆင်းလာသေးတယ် … ဗိုက်ဆာနေပြီလား … "

"ဟာ … မေမေကလည်း … အနမ်းလည်းလူပဲ ဆာတာပေါ့ … တိရစ္ဆာန်တွေတောင် ဆာသေးတာပဲ မေမေရာ … အနမ်းဗိုက်ဆာတာ ဆန်းသလား … "

"အေး … နင်ဗိုက်ဆာတာက မဆန်းပါဘူး … ခဏနေရင် နင့်အဖေရောက်တော့မှာ ဖိတ်စာတွေ အရင်ဝေပြီးမှ … မနက်စာစား … "

"မေမေကလည်း … မနက်စာအရင် စားမယ်လေနော် … ပြီးမှဝေပေးမယ် … "

"တိတ် … ငါက ဒါဆိုဒါပဲမိအနမ်း … ပြောရင်းနဲ့ ကားသံကြားတယ် လာပြီနေမှာ … "

ဦးကောင်းထက် … ကားရပ်ပြီး အိမ်ထဲဝင်လာတော့ … မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် … သူ့သမီးကို မေးလိုက်သည်။

"ဟော … သမီးအနမ်းလေး … ဘာတွေစူပုပ်နေတာလဲ … "

"မေမေပေါ့ … အနမ်းဗိုက်ဆာနေတာကို … ဖိတ်စာဝေပြီးမှ စားရမယ်တဲ့ … "

"ဟင် … ဟုတ်လား … အဲဒါဆို ဖေဖေပြောပေးမယ်နော် … "

"ဟုတ် … အဲဒါကြောင့် ဖေဖေ့ကိုချစ်တာ … အာဘွား … "

အနမ်းလည်း သူမဖေဖေက ပြောပေးမယ်ဆိုတာကြောင့် ပျော်သွားသည်။ သူ့အပျော်လေးတောင် မဆုံးလိုက်ရဘူး … မေမေက…

"ကိုကောင်းထက် … ရှင့်သမီးကို အလိုမလိုက်နဲ့ ရှင်တို့သားအဖပြောတာ

ကို ကျွန်မ အကုန်ကြားတယ်နော် ... တစ်ယောက်မှ အထွန့်မတက်နဲ့ ... "

အနမ်းလည်း မျက်နှာလေးညှိုးသွားသည် ... စောနကပျော်တယ် ဆိုတာကလည်း ... ရမလားလို့ပါ ... အမှန်တိုင်းပြောရရင် ဖေဖေကလည်း မေမေ့ကို ကြောက်ရတယ် ... အခုတော့ ထင်တဲ့အတိုင်းပဲ။

အနမ်းလေး တွေးနေတုန်း မျက်နှာမကောင်းတာကြောင့် ဖေဖေက ...

"သမီးအနမ်းလေး ... ဖေဖေပြောမယ် နားထောင်နော် ... သမီးက အများကြီးမဖိတ်နဲ့ ... ဘေးအိမ် တစ်အိမ်ပဲဖိတ် ... ဖေဖေက ... ဖေဖေဖိတ်ရမယ့် ဖိတ်စာတွေနဲ့အတူ ... သမီးဟာပါ ရောပြီး ဖေဖေဖိတ်ပေးမယ်နော် ... "

"ရေး ... ဒါမှ တို့ဖေကြီးကွ ... "

အနမ်းပျော်လို့ ထအော်လိုက်သည်။ ဒါကိုဖေဖေက မေမေကြားသွားမှာ စိုးသဖြင့် တိုးတိုးနေဆိုတဲ့ သဘောနဲ့ လက်ညှိုးကို နှုတ်ခမ်းနားကပ်ကာ လုပ်ပြသည်။

"ရှူး ... သမီးမေမေ ကြားသွားမယ် ... "

"ဟုတ် ... "

သူတို့ စကားပြောနေတုန်း ... မေမေက ရောက်လာပြီးတော့ ... ဝေရမယ့် ဖိတ်စာတွေ လာပေးတယ် ...

"ရော့ ... ဒါသမီးဖိတ်ရမှာ ... ဒါက ရှင်ဖိတ်ဖို့ ... "

"မင်းကျတော့ရော ... "

"ကျွန်မက ... အပုလေးတို့နဲ့ လုပ်စရာရှိတာ လုပ်ရမှာလေ ... ရှင်မရှည်ပါနဲ့ ... သွားစရာရှိတာသွား"

အနမ်းတို့ သားဖနှစ်ယောက်လည်း မေမေပြောတာကြောင့် ထွက်လာခဲ့သည်။ ခြံထဲရောက်တော့ ဖေဖေက...

"သမီး ဖိတ်စာတွေ ဖေဖေ့ကိုပေး ... "

အနမ်းလည်း ဖေဖေကပေးခိုင်းတာကြောင့် ပေးလိုက်သည်။

"ရော့ ... ဒီတစ်စောင်တော့ သမီးဖိတ်လိုက်နော် ... ကျန်တာ ဖေဖေဖိတ်လိုက်မယ် ... "

"ဟုတ် ... ဖေဖေ ... "

အနမ်းလည်း ... လက်ထဲက ဖိတ်စာတစ်စောင်ကိုကိုင်ပြီး ... ခြံတစ်ခြံရှေ့ ... ရပ်ကာ ... Bell တီးလိုက်သည် ... မတ်တတ်ရပ်နေရင်း ... စိတ်ထဲမှာတော့ ... အထဲမှာရှိတဲ့ တိုက်က ဘယ်လိုနေလဲ မသိပေမဲ့ ... အပြင်က ခြံတံခါးမည်းမည်းကြီးက ထည်ဝါလွန်းနေတော့ အထဲကို ဘယ်လိုမှမမြင်နိုင် ... သေချာတာကတော့ ဒီမိသားစု တော်တော်ချမ်းသာတာပဲ ... ချမ်းသာသလို မာနကြီးရင်တော့ ... ခက်လှချည်ရဲ့နမ်းရှိုက်ခွင့်ရေ...

ဒေါ်လှလွန်း ... အိမ်ရှေ့က Bellသံ ကြားတာကြောင့် ခိုင်းရမှာ အလုပ်သမားတွေ မအားတာနဲ့ သူမကိုယ်တိုင်ပဲ သွားဖွင့်ပေးရန် ဆုံးဖြတ်လိုက်သည်။

အနမ်း တံခါးလာမဖွင့်တာကြောင့် စိတ်မရှည်လို့ ပြန်မယ်အလှည့် ... အနောက်က...

"ဟိတ် ... ကလေးမ ... ဘာလုပ်မလို့လဲ"

ဆိုတဲ့မေးသံကြောင့် အနမ်းလှည့်ကြည့် လိုက်မိသည်။ မြင်လိုက်ရတဲ့လူကြောင့် အနမ်း အံ့သြသွားရသည်။ ဘာလို့လဲဆိုတော့ အနမ်းမေမေထက် နည်းနည်းလောက် အသက်ကြီးမယ် ထင်ရတဲ့ ... အန်တီက ... ချောလွန်းတာထက်ကို ပိုပြီးကျက်သရေ ရှိလွန်းနေတယ် ... မျက်နှာလေးကလည်း အေးချမ်းလိုက်တာ ... မေမေနဲ့များ တခြားစီ ... သူများဆို ဆူဖို့ပဲသိတယ်။

ဒေါ်လှလွန်း သူ့ရှေ့မှာမြင်နေရတဲ့ ကလေးမလေးကိုကြည့်ပြီး ... အူယားနေသည်။ ပုံစံလေးက အရုပ်မလေးနဲ့ နင်လားငါလား ... ချစ်ဖို့ကောင်းချက် ... ဘာတွေတွေးနေမှန်း မသိပေမဲ့ ... တစ်ခုခုကိုတွေးရင်း ... နှုတ်ခမ်းလေးကို စူထားတာက ... တကယ့် ကလေးလေးလို ချစ်စရာ ကောင်းတယ် ... ဒေါ်လှလွန်းလည်း အတွေးရပ်ကာ ... သူ့ရှေ့က ကလေးမကို ... လှမ်းပြီး သတိပေးလိုက်သည်။

"ဟိတ် ... သမီး ... သမီးလေး ... "

"ဟင် ... ရှင် ... အန်တီ ... "

"သမီး ဘာကိစ္စရှိလို့လဲ ... "

ထိုအန်တီပြောမှ ... အနမ်းလည်း လာရင်းအကြောင်းကို သတိရသွားသည်။

"ဩော် ... ဟုတ်အန်တီ ... အနမ်းတို့က တစ်နေ့ကမှ ... ဟိုဘက်ခြံကို ပြောင်းလာတဲ့ သူတွေပါ ... အဲဒါ ... မနက်ဖြန် အိမ်တက်ပွဲလုပ်မှာ ... အန်တီ့ကို ဖိတ်စာလာဖိတ်တာ ... "

" ဩော်... သမီးတို့က ဟိုဘက်ခြံကို ပြောင်းလာတဲ့ လူသစ်တွေလား ... "

"ဟုတ် ... အန်တီ ... "

" ဩော်... ဒါနဲ့သမီးလေး နာမည်က ... "

"အနမ်း ... နာမည်က နမ်းရှိုက်ခွင့်ပါ ... အန်တီ ... "

"ဟုတ်လား ... သမီးနာမည်လေးက လှတယ်နော် ... ဆန်းဆန်းလေး လူလေးကလည်း ချစ်စရာ ကောင်းလိုက်တာ ... "

"အန်တီက သမီးကို မြှောက်နေပြန်ပြီ ... အန်တီလည်း ... ကျက်သရေရှိတယ် ... ပြီးတော့ လှလည်းလှတယ် ... "

"ဟုတ်လား ... အန်တီ့နာမည်လည်း မှတ်ထားနော် ... လှလွန်းမေတဲ့ ... "

"အယ် ... အန်တီ့နာမည်လေးကလည်း တော်တော်လှတာပဲ ... "

ပြောနေရင်း ... နမ်းရဲ့ဗိုက်ကဆန္ဒပြလေပြီ။

"ဂွီ ... ဂွီ ..."

"ဟော ... သမီး ဗိုက်ဆာနေတာလား ... "

"ဟုတ်တယ်အန်တီ ... သမီးဘာမှ မစားရသေးလို့ ... "

"လာလာ ... အဲဒါဆို အိမ်ထဲလိုက်ခဲ့ ... အန်တီကျွေးမယ် ... "

"တကယ်နော် ... အန်တီ ... ဝမ်းသာလိုက်တာ ... "

"လာ ... သမီး ... "

အနမ်းလည်း ... ထိုအန်တီခေါ်တာကြောင့် ... လိုက်သွားလိုက်ပြီး ... ခြံထဲရောက်တော့ ပါးစပ် အဟောင်းသားဖြစ်ကာ ... ဗိုက်ဆာတာတောင် မေ့သွားသည်။

ဘာလို့လဲဆိုတော့ ... ခြံကြီးကအကျယ်ကြီးကို ... အထဲမှာ ပန်းပင်မျိုးစုံစိုက်ထားပြီး ... ရေတံခွန်အတုလေး လုပ်ထားကာ ... ငါးလေးတွေလည်း မွေးထားသေးသည် ... ခြံထဲကို ခြေချလိုက်တာနဲ့ ... တိုက်ခတ်လာတဲ့လေညင်းကြောင့် ပန်းရနံ့ပေါင်းစုံ ထုံသင်းမွှေးပျံ့လာလေသည်။

အိမ်ထဲရောက်သွားတော့လည်း ... ခင်းထားတဲ့ အောက်ခံက နင်းရက်စရာမရှိအောင် ... နူးညံ့အိစက်နေတဲ့ ပိုးကတ္တီပါသား ... ရွှေရောင်လေးကိုခင်းထားတာ ... နင်းလိုက်တိုင်း ခြေထောက်လေးတွေ နစ်မြုပ်သွားသလို ... ပြတင်းပေါက်တွေကို ကာထားတဲ့ လိုက်ကာလေးတွေ ကလည်း ... အဖြူပေါ်မှာ ရွှေမင်ရောင်လေးတွေနဲ့ ... ဆေးသုတ်ထားတာကလည်း ...

ရွှေရောင်ဖျော့ဖျော့နဲ့ ... ငွေမင်ရောင်ဖျော့ဖျော့လေး ... အားလုံးကို ပေါင်း ကြည့်လိုက်ရင် ... တကယ့် နန်းတော်ကြီးနဲ့တူပြီး ... နေချင်စရာ အရမ်း ကောင်းသည်။ သူမ တွေးနေရင်းနဲ့ အန်တီက...

"သမီး ... အနမ်းလေး ... လာလေ ... ဒီမှာအိမ်က ... ရှမ်းခေါက်ဆွဲ လုပ် ထားတာ ... "

အနမ်းလည်း အန်တီ့အသံကြားမှ သတိရပြီး...

"ဟင် ... ရှင် ... ဟုတ်အန်တီ ရပါတယ် ... အနမ်းက ဘာဖြစ်ဖြစ်စားတယ် ... အခုက ဘာလုပ်ထားတာလဲ ... "

"ရှမ်းခေါက်ဆွဲလေ သမီး ... "

"ဟီးဟီး ... ... အနမ်းက ရှမ်းခေါက်ဆွဲဆို သိပ်ကြိုက်တာ ... တိုဟူးနဲ့ဆို ပိုတောင် ကြိုက်သေးတယ် ... "

"ဟယ် ... သမီးလေးက အန်တီ့သားနဲ့ တူလိုက်တာ ... သူလည်းသမီးလို ပဲ ... တိုဟူးနဲ့ သိပ်ကြိုက်တာ ... "

"ဟုတ်လား ... အခုအန်တီ့သားက ဘယ်မှာလဲ ... "

"သားက အခုလောလောဆယ် US က ကုမ္ပဏီကို ဦးဆောင်လုပ်နေတာ သမီးရဲ့ မကြာခင်တော့ မြန်မာပြည်ကိုပြန်လာပြီး ... ဒီမှာပဲ လုပ်တော့မယ် ပြောတယ် ... သားဒယ်ဒီလည်း မရှိတော့ ဟိုကကုမ္ပဏီကိုပိတ်ပြီး ဒီမှာပဲနေ တော့မှာ ... ... "

"သြော် ... ဟုတ်လား ... အနမ်းစိတ်မကောင်းပါဘူး အန်တီရယ် ... အနမ်း တောင်းပန်ပါတယ် ... ဘယ်သူမှမရှိတော့ ... အနမ်း နေ့တိုင်းအန်တီ့ဆီ လာခဲ့မယ်နော် ရလားအန်တီ"

"ရတာပေါ့သမီးရယ် ... အန်တီ သမီးလေးတစ်ယောက် ရသလိုပဲ ...

ကျေးဇူးတင်ပါတယ် သမီးရယ် ... အန်တီ့ဆီမှာပဲ ထမင်းစားရမှာနော် ... "

"ဟုတ် ... အန်တီ ... "

"ဩော် ... ဒါနဲ့သမီးမိဘတွေ နာမည်ကဘယ်သူလဲ ... "

"ဦးကောင်းထက်နဲ့ ဒေါ်နန်းသင်ဇာပါ အန်တီ ... "

"ဩော် ... စားစား သမီးလိုတာရှိရင်လည်း ပြောနော် ... "

"ဟုတ်အန်တီ ... "

အနမ်းလည်း စားသောက်ပြီးတော့ ... အန်တီကအနမ်းကို အိမ်ထဲလိုက်ပြသည် ... အလုပ်သမားတွေနဲ့ နေရတဲ့ အန်တီ့ဘဝက တော်တော်သနားစရာ ကောင်းတာပဲနော် ... ပိုက်ဆံတွေ ချမ်းသာပြီး စိတ်ချမ်းသာမှုမရှိဘူး ... သားကအဝေးမှာ ... ယောကျ်ားကမရှိ။

အနမ်းတွေးနေရင်း ... တစ်နေရာရောက်တော့ ... မိသားစုဓာတ်ပုံတစ်ပုံ လူတစ်ရပ်စာလောက် ပုံကြီးချိတ်ထားတာ။ ... ဒါကြောင့် အနမ်းလည်း ရပ်ကြည့်မိသည်။

အနမ်း ကြည့်နေတုန်း အန်တီက အနမ်းနားရောက်လာပြီး ... ဓာတ်ပုံကိုကြည့်ကာ အနမ်းကို ပြောပြလေသည်။

"အန်တီ့ရဲ့ ... ညာဘက်ခြမ်းမှာ ရပ်နေတာက အန်တီ့ရဲ့အမျိုးသား ဦးနေမျိုးထက်တဲ့ ... ဟိုဘက်က အန်တီ့ရဲ့သား ... နေမဝင် ... "

"နေမဝင် ... ... "

"ဟုတ်တယ် ... အခုလောက်ဆို သားအသက်က ... ၃၀လောက် ရှိတော့မယ် ... သားထွက်သွားတုန်းက အသက်၂၀လေ ... သူ့ဖေဖေက ဟိုမှာကုမ္ပဏီအသစ် ထောင်ထားတယ် ကျောင်းဆက်တက်ရင်းနဲ့ သွားလို့ပြောပြီး သွားခိုင်းတာကို စိတ်ဆိုးပြီး မသွားချင်သွားချင်နဲ့ ထွက်သွားတာ ... အခုဆို

၁၀နှစ်လောက် ရှိတော့မယ် ... သားဖေဖေ ဆုံးသွားတာက ၅နှစ်လောက်ရှိပြီ"

အနမ်းလည်း အန်တီ့စကားကြားတော့ ပိုလို့တောင် စိတ်မကောင်းဖြစ်သွားသည်။ စိတ်ထဲမှာလည်း ... ဒီလူကြီး တော်တော်နေနိုင်တာပဲ ... အနမ်းဆိုဖေဖေ မေမေတို့နဲ့ ခဏလေးတောင် မခွဲနိုင်ဘူး ...

"ဟို ... ဟိုလေ ... အန်တီ ... အနမ်းပြန်တော့မယ်နော် ... မေမေတို့ စိတ်ပူနေမှာစိုးလို့ ...

အနမ်းမေမေတို့ကို ပြောပြီးတော့ ... မကြာမကြာ လာခဲ့ပါ့မယ် ... မနက်စာအတွက်လည်း ကျေးဇူးပါနော် အန်တီ ... "

"ရပါတယ် သမီးရယ် ... "

"ဟုတ် ... ဒါဆို အနမ်းသွားပြီနော် ... "

"အင်းသမီး ... "

***

အိမ်ရောက်တော့ မေမေက...

"ဟဲ့ ... မိအနမ်း ... ဖိတ်စာလေးဖိတ်ခိုင်းတာ ... ဘယ်တွေ သဝေထိုးနေတာလဲ ... ဟိုမှာ နင့်အဖေတောင် ပြန်လာလို့နားနေပြီ ... ပြောတော့ ဗိုက်ဆာတယ်ဆို ... လာစား ... "

"တော်ပြီ အနမ်း မစားချင်တော့ဘူး ... "

"ပြီးတာပဲ ... ဘာလို့ မစားချင်တော့တာလဲ ... "

"အင်း ... အနမ်းပြောပြမယ် ... ဒီလို ... "

အနမ်းလည်း သူကြုံခဲ့သမျှ မေမေ့ကို ပြောပြလိုက်သည်။

"ဟုတ်လို့လား ... "

"ဟုတ်ပါတယ်ဆို ... ပြီးတော့လေ ... အဲဒီအန်တီက အနမ်းကိုချစ်လို့တဲ့ ... "

"နင့်လိုရုပ်ပြာမကို ... ဟိုကချစ်တယ် ... "

"အမေနော် ... ကိုယ့်သမီးလေးကို အကောင်းမပြောဘူး ... ခိုင်းချင်ရင်ကျ ချိုချိုသာသာလေးနဲ့ ... သူများကမှ ... သမီးကို ... သမီးလေး သမီးလေးနေတာပဲ ... "

ဒေါ်သင်ဇာလည်း သမီးစကားကြောင့် ရယ်ချင်သွားသည်။ မချစ်ပဲနေမလား ကိုယ်မွေးထားတဲ့ သမီးပဲ ... အရုပ်လေးလို ချစ်စရာကောင်းလွန်းတဲ့ သူမလေးကို ချစ်တာပေါ့ ... ဒါပေမဲ့ ... နန်းသင်ဇာဆိုတဲ့ သူမက ချစ်ရင်တောင် ထုတ်မချစ်တတ်ဘူးလေ ... အဲဒီတော့ သမီးလေး အထင်လွဲမယ်ဆိုလည်းလွဲစရာ။

"ကဲပါတော်တော့ ... သွားအပေါ်တက် ... "

"ဟုတ် ... ... "

ညရောက်တော့ အနမ်းမနက်က တွေ့ခဲ့တဲ့ပုံထဲက လူအကြောင်း စဉ်းစားနေသည် ... နေမဝင်တဲ့ ... နာမည်ကလှသလို ... လူကလည်းချောသည် ... မိန်းမချော ချောတာမဟုတ်ပဲ ... ယောကျ်ား ပီသတာ ... သူတွေ့ခဲ့ပုံက အသက်၂၀အရွယ်ပုံ ... အခုသာဆို ဘယ်လောက်တောင် ချောလိုက်မလဲ ... သူနဲ့ဆို ဦးအရွယ်ပေါ့ ... ရုပ်ကချောပေမဲ့ အန်တီ့ကို ပစ်ထားတာကျတော့ မကောင်းဘူး ... လူဆိုးကြီး ... လို့ပြောကာ ... နောက်ဆုံးတော့ အနမ်းလည်း အိပ်ရာဝင်ခဲ့ပြီး ... အိပ်စက်ခြင်းကို ရောက်ရှိခဲ့သည်။

***

နောက်တစ်နေ့ မနက်ရောက်တော့ ... ဘယ်သူမှနှိုးစရာမလိုပဲ ... အနမ်းနိုးလာခဲ့တော့သည် ... ညက စောစောအိပ်လို့ ထင်ပါရဲ့။

အနမ်းလည်း ရေမိုးချိုးပြီးတော့ ... မေမေဝယ်ပေးတဲ့ ... မြန်မာဝတ်စုံ ... အဖြူရောင်လေးကို ဝတ်လိုက်သည်။ အဖြူဆိုပေမဲ့ ... အဖြူကြီးမဟုတ်ဘဲ ... ပန်းရောင်ဇာလေးတွေနဲ့ ... ရောချုပ်ထားတာပါ ... သူမ အသားအရေလေးနဲ့ ကွတ်တိ ... ဒီနေ့က အိမ်တက်မို့လို့ သူမလည်း ပြင်လိုက်သည် ... ထွေထွေထူးထူး ပြင်တာတော့မဟုတ်ပါဘူး ...

အားလုံးပြီးတော့ ကိုယ့်ပုံကိုမှန်ထဲ ပြန်ကြည့်ကာ သဘောကျပြီဆိုမှ ... အောက်ဆင်းလာ ခဲ့တော့တယ်။ လှေကားပေါ်ရောက်တော့ မေမေနဲ့ဆုံကာ ... မေမေက...

"အယ် ... မေမေ့သမီးလေးက လှလိုက်တာ ... ကြည့်စမ်း ဒီနေ့ကျမှ မေမေမပြောရအောင် အစောကြီးနိုးနေတာ လိမ္မာလိုက်တဲ့ မေမေ့သမီးလေး ... လာသမီး ... ခဏနေရင် ဧည့်သည်တွေ လာတော့မှာ ... "

"ဟုတ် မေမေ ... "

***

"မာမီရာ ... ကျွန်တော် မလိုက်ချင်ပါဘူး ... ကိုယ်နဲ့လည်းမသိပဲနဲ့ ... "

"ဟဲ့ ... လွမ်းဇာနည် ... မာမီကဒါဆိုဒါပဲ ... အထွန့်မတက်နဲ့ ... ဒီနားလေး တင်ပါပဲ သားရယ် ... ဝတ္တရားအရ ... ဖိတ်တော့ သွားရတာပေါ့ ... မာမီ့သားလေးက လိမ္မာပါတယ် သားလိုက်ရင် ... ဒယ်ဒီ့ကိုပြောပြီး ... ကျောင်းဖွင့်ရင် သားလိုချင်တဲ့ ပြိုင်ကားဝယ်ပေးမယ်လေ ... "

သားဖြစ်သူကို ဆွဲဆောင်ရတာ ပြိုင်ကားဖိုးတော့ ကုန်တော့မယ် ... ကိုယ်ကလည်း တစ်ယောက်တည်း မသွားရဲ ... ယောကျ်ားဖြစ်သူက ... သဘော်

လိုက်နေတော့ ... သားဖြစ်သူကိုပဲ ခေါ်ရတာ အာပေါက်မတတ်။

"မာမီ တကယ်ပြောတာနော် ... ဒါဆို လွှမ်းလိုက်မယ် ... "

"အင်း ... "

***

ဒေါ်လှလွှန်းလည်း ဟိုဘက်က တရားနာရေစက်ချအမီ လာခဲ့သည်။

"အန်တီလာ ... "

"ဟယ် ... သမီးလေးက လှလိုက်တာ ... အန်တီ့ရှေ့ရောက်လာတာ နတ်သမီးလေးလား ... "

"ဟီး ... ဟုတ်ပါဘူး ... အနမ်းပါနော် ... အန်တီကလည်း ... လှလိုက်တာ ... "

"ဟုတ်ပါပြီ ... "

လွှမ်းလည်း မာမီခေါ်တော့ ... ပြိုင်ကားဝယ်ပေးမယ် ဆိုတာကြောင့် လိုက်လာရာ ... ရယ်သံလေးနဲ့ စကားပြောသံလေးကြားလို့ လှမ်းကြည့် လိုက်သည်။

အဖြူရောင် ဝမ်းဆက်လေးကိုဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် ... ဆံပင်လေးကို ခပ်မြင့်မြင့် စည်းထားတာလေးက မျက်နှာလေးကို ပေါ်လွင်စေကာ ... သူ့ရဲ့ နှလုံးသား တစ်ခုလုံးလည်း ဆွဲနုတ်လိုက်သလို ခံစားလိုက်ရ သည် ... သေချာကြည့်ရင် ... သူနဲ့ ရွယ်တူလောက်ပဲ နေမှာ...

မာမီ့ကိုတော့ ကျေးဇူးတင်သွားပြီ ... တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ ...။

"ဟဲ့ ... သား ... လာလေအထဲဝင်မယ် ... တရားနာတော့မယ် ထင်တယ် ... "

"ဟုတ်မာမီ ... "

"လာအန်တီ ... တရားနာတော့မှာ ... "

"အေးအေးသမီး ... "

တရားနာနေရင်း ... လွှမ်းတစ်ယောက်ကတော့ ... ဘုန်းကြီးတွေရဲ့တရားသံကို အာရုံမရဘဲ ... ထိုကောင်မလေးကိုသာ ကြည့်နေမိသည် ... တရားနာရင်း မျက်လွှာချထားပုံက ... အရုပ်မလေးနဲ့ တူပြီး ချစ်စရာကောင်းလိုက်တာ...။

တရားနာပြီးတော့ ... အားလုံးကို ... အစားအသောက်တွေ ကျွေးကြရာ ... နောက်ဆုံးတော့ ... ပွဲလေးကပြီးသွားသည် ... အားလုံးလည်းပြီးရော ... စိတ်ပန်းလူပန်း ဖြစ်သွားလေ၏ ... ရပ်ကွက်ထဲက လူတွေကလည်း ... အားလုံးနီးပါး လာကြသည် ... သဘောလည်း ကောင်းကြတယ် ... အကူအညီလိုရင်လည်း ... အချိန်မရွေးတောင်းဖို့ ... မလှလွှန်းနဲ့ ... မနီနီအောင်တို့က ... ဖုန်းနံပါတ်ပေးခဲ့သည် ... မလှလွှန်းကတော့ အိမ်ချင်းနီးလို့အကြောင်း မဟုတ်ပေမဲ့ ... မနီတို့ကတော့ ... သုံးအိမ်ကျော်လောက် ဝေးသည်။

***

အိမ်တက်ပွဲ ပြီးသည့်နေ့ကစပြီး ... လွှမ်းနဲ့အနမ်းလည်း ... သူငယ်ချင်းတွေဖြစ်ကာ ... ရင်းနှီးသွားကြသည်။

လွှမ်းကလည်း ... အနမ်းရဲ့အိမ်ကို ခဏခဏလာကာ အနမ်းကလည်း ... အန်တီလှလွှန်းရဲ့အိမ်ကို ခဏခဏသွားသည်။

တစ်နေ့ ... အနမ်း အန်တီလှလွှန်းတို့ အိမ်ဘက်အလာ ... Bell တီးလိုက်တော့ ... ခြံစောင့်ကိုဦးက တံခါးလာဖွင့်ပေးသည်။

"သြော် ... မမလေးလာ ... အန်တီက ဘုရားကန်တော့နေတယ် ... "

"ဟုတ် ... "

အနမ်းလည်း အထဲဝင်ပြီး အန်တီဘုရားကန်တော့နေတယ် ဆိုတာကြောင့် ... ခြံထဲ ပတ်ကြည့်နေရာ တစ်နေရာအရောက်။

"အမလေး လာကြပါဦး ... ကိုဦး ... မပုံ ... ဒီမှာ ဘယ်သူလဲမသိဘူး ... "

အနမ်းအသံကြားတော့ ... စာအုပ်ဖတ်နေတဲ့ ... နေမဝင် အာရုံပျက်ကာ ... အော်နေတဲ့ ကောင်မလေးရဲ့ ပါးစပ်ကို ပိတ်လိုက်သည်။

"အွန်း ... အွန်း ... "

"မင်းဘာဖြစ်လို့ အော်နေတာလဲ ... "

"ရှင်ကရော ... ဘာလို့ သူများခြံထဲလာနေ နေတာလဲ ... "

နေမဝင် သူ့ကို ... တစ်ခွန်းမကျန် ပြန်ပြောနေတဲ့ ကောင်မလေးကို ကြည့်လိုက်သည်။ ချစ်စရာလေးပါ ... ဒါပေမဲ့ ... မေ့လိုတော့ မချောဘူး ... မေဆိုတာ သူ့ရဲ့ချစ်သူ ... မေအလွမ်း။

သူလည်း အတွေးရပ်ပြီး စကားစလိုက်သည်။

"အောင်မာ ... သူခိုးက လူပြန်ဟစ်နေတယ် ... ငါက ဒီအိမ်က ... ဒေါ်လှလွန်းမေရဲ့ တစ်ဦးတည်းသော သား ... နေမဝင်ပဲ ... "

အနမ်း ထိုလူပြောလိုက်တဲ့ နာမည်ကြောင့် အံ့ဩသွားသည် ... နှုတ်ကလည်း ...

"ဟင် ... ဦး ... "

*****

အပိုင်း(၂)

"ဟင် ... ဦး ... "

နေမဝင်သူ့ကို ဦးလို့ ခေါ်သံကြားတာကြောင့် သူ့ရှေ့ကကောင်မလေးကို ... မေးလိုက်သည်။

"ဟေ့ ... မင်းငါ့ကို ဘယ်လိုခေါ်တယ် ... ဦးဟုတ်လား ... ... "

အနမ်းလည်း ဦးက ကြားသွားတာကြောင့် ... ဘာမှမပြောဘဲရှက်ကာ ... ဦးရှေ့ကနေ ထွက်လာသည်။

"ဟာ ... ဟေ့ ... ဟိတ် ... ဟိတ် ... နေဦးလေ ... သြော် ... ဘယ်လို ကောင်မလေးမှန်း မသိဘူး ... "

အနမ်း ဦးလိုက်လာမှာ စိုးတာကြောင့် ထွက်ပြေးရင်း အိမ်ထဲရောက်လာခဲ့ရာ ... အန်တီနဲ့ဆုံပြီး ... အန်တီက ...

"ဟဲ့ ... သမီးအနမ်းလေး ... ဘာဖြစ်လာတာလဲ ... "

အနမ်းလည်း ရှက်ရှက်နဲ့အန်တီ့ကို ရယ်ပြလိုက်သည်။

"အဟီး ... အနမ်းဘာမှမဖြစ်ဘူး အန်တီ ... ဟို ... ဦး ... အဲ ... ဦးနေမဝင် လိုက်လာမှာစိုးလို့"

အနမ်းစကားတောင် ပြီးအောင်မပြောလိုက်ရဘူး အနောက်ကနေ ဦးက ရောက်လာပြီး...

"ဟိတ်ကောင်မလေး ... မင်းဘာပြောနေတာလဲ ... "

အနမ်းလည်း ဦးအသံကြားတော့ ကြောက်ကြောက်နဲ့...

"ဟင် ... အနမ်း ဘာမှမပြောပါဘူး ... "

ထိုအခါ အန်တီကလည်း အနမ်းဘက်ကနေ ထောက်ခံကာ ...

"ဟုတ်တယ်သား ... သမီးလေးက ဘာမှမပြောပါဘူး ... "

နေမဝင်လည်း သူ့ရှေ့က ကောင်မလေးကြောင့် ... မေမေက ကာပြောနေတော့ သူလည်း မေးလိုက်သည်။

"သူကဘယ်သူမို့လို့ မေမေက ... ကာပြောနေတာလဲ ... "

"သူဘယ်သူလဲဆိုတာ ... မေမေဖုန်းဆက်တိုင်း သားကို ပြောပြတယ်လေ ... "

"ဩော် ... မေမေပြောတဲ့ ကောင်မလေးလား ... နာမည်က ... ဘာတဲ့ ... နမ်းဘာဖြစ်တယ် ဆိုလား ... "

အနမ်းလည်း သူ့နာမည်ကို စဉ်းစားနေတဲ့ ဦးကိုကြည့်ပြီး...

"နမ်းရှိုက်ခွင့်ပါ ဦး ... အဲ ... ဦးနေမဝင် ... "

"ဟုတ်ပါပြီ ... မင်းငါ့ကို ဦးလို့ ခေါ်ချင်တယ်ဆိုရင်လည်း ရပါတယ် ... မင်းကငါ့ထက် ငယ်တာကိုး ... "

"ဟုတ် ... ကျေးဇူးပါ ... "

ဒေါ်လှလွန်းလည်း သူ့သားနဲ့အနမ်းလေး စကားပြောနေတာကို ကြည့်ပြီး သူပြောမယ့် စကားတောင် မေ့နေတယ် ... နောက်မှသတိရပြီး ...

"ဩော် ... သမီး ... အနမ်းလေး ... အန်တီ့ဆီလာတာ ဘာလုပ်ဖို့လဲ ... "

အနမ်းလည်း အန်တီပြောမှ လာရင်းအကြောင်းကို သတိရတော့တယ်။

"ဩော် ... ဟုတ်သား ... အနမ်း လာရင်းကိစ္စမေ့နေတာ ... နောက်ရက်တွေ အနမ်း အိမ်မလာဖြစ်တော့ဘူး ဆိုတာလာပြောတာ ... "

"ဘာလို့လဲ သမီးရဲ့ ... "

အနမ်းစကားကြောင့် အန်တီ့မျက်နှာ ညှိုးသွားတာမြင်တော့ ... အနမ်းလည်း စိတ်မကောင်းပါဘူး ... ဒါပေမဲ့လည်း ပြောစရာရှိတာကို ဆက်ပြောလိုက်သည်။

"ဟို ... နောက်ရက်တွေ အနမ်း ကျောင်းတက်ရတော့မှာ မလို့ပါ ... အနမ်းကျောင်းပိတ်တဲ့ နေ့တွေအားရင် လာလည်မယ်လေနော် အန်တီ ... "

"အင်းပါ ... ကျောင်းတက်ရမှာ ဆိုတော့လည်း ထားပါတော့ ... ခဏနေ ... အန်တီတို့ အပြင်သွားမှာ လိုက်ခဲ့နော် ... "

"ဟင် ... အန်တီတို့က ဘယ်သွားမှာလဲ ... "

"အင်း ... သားရောက်တာလည်း ကြာပြီလေ ပြီးတော့ဘယ်မှလည်း မသွားရသေးတော့ ... ဘုရားလေးဘာလေးဖူးရင်း လိုအပ်တာတွေ ဝယ်ရအောင် ဈေးဝယ်ထွက်ရင် ကောင်းမလားလို့ ... "

"အနမ်းလိုက်ရင် ... အနမ်းကို ကစားကွင်းလိုက်ပို့မှာလား အန်တီ ... "

အနမ်းစကားဆုံးတော့ ... ပြောလာတာက အန်တီမဟုတ်ပဲ ... ဦးဖြစ်နေသည်။

"မပို့နိုင်ပါဘူး ... မင်းက ကလေးလား ... ငါတို့ ကလေးမထိန်းနိုင်ဘူး ... ဘုရားသွားမှာ လိုက်ချင်လိုက် မလိုက်ချင်နေ ... "

ဟုတ်တယ်လေ ... သူ့များအားအားယားယား ... ကစားကွင်း လိုက်ပို့ရဦးမယ် ... မေဆို အဲဒီလို မဟုတ်ပါဘူး ... လူကြီးဆန်တယ် ... ရင့်ကျက်တယ် ... အမြဲဘုရားပဲ လိုက်ပို့ခိုင်းတာ ... သူ့ကျမှ ... ကလေးလိုလို ... ဘာလိုလိုနဲ့။

အနမ်း ဦးစကားကြောင့် မျက်နှာပျက်သွားသည် ... ဒါကိုအန်တီက...

"ဟုတ်သားပဲသားရယ် ... သမီးလေးသွားချင်တာ ပို့လိုက်ပါလား ... "

အနမ်း အန်တီပြောတာကြောင့် ဟိုက မပို့ချင်မှန်းသိနေတော့ ... ဝင်ပြောလိုက်သည်။

"နေပါစေအန်တီရယ် ... အနမ်း မလိုက်တော့ပါဘူးနော် ... အန်တီတို့ပဲ ... လွတ်လွတ်လပ်လပ် ဘုရားဖူးကြပါ ... အနမ်းပါနေရင် ဒုက္ခများနေမယ် ... ... "

"မဟုတ်တာသမီးရယ် ... သား ... မေမေ ပြောနေတယ်လေ ... "

နေမဝင်လည်း စိတ်ရှုပ်တာနဲ့ ... ပြီး ပြီးရော ပြောလိုက်သည်။

"ပြီးရောဗျာ ခေါ်ခဲ့ ... တကယ်စိတ်ရှုပ်တယ် ... "

အနမ်း သူမကို စိတ်ရှုပ်ကာ ထွက်သွားတဲ့ဦးကို လိုက်ကြည့်နေမိသည်။

"ကဲ ... သမီးအနမ်းလေး ... သွားအဝတ်အစားသွားလဲ ... "

"တော်ပါပြီ အန်တီအနမ်း ... "

အနမ်းရဲ့စကားလေးတောင်မဆုံး ... အန်တီက လိုက်ဖို့ပြောသည်။

"အန်တီ့ကိုခင်ရင် လိုက်ခဲ့ပါ ... သမီးရဲ့ကိုကိုပြောတာကို စိတ်ထဲမထားနဲ့ သူကအဲဒီလိုပဲ ... "

အနမ်းလည်း လူကြီးက အတင်းခေါ်နေတာကြောင့် မငြင်းတော့ပဲ လိုက်ဖို့ ဆုံးဖြတ် လိုက်သည်။

"ဟုတ်ကဲ ... ဒါနဲ့ အနမ်း ဘာဝတ်ခဲ့ရမလဲ အန်တီ ... "

"အနမ်းလေး ကြိုက်တာဝတ်ခဲ့ပေါ့ ... သွားသွားသမီး ... သမီး မေမေ့ကို လည်းပြောခဲ့ ... "

"ဟုတ် ... ဒါဆို ... အနမ်းအကျီသွားလဲ လိုက်ဦးမယ်နော် ... "

"အင်း ... "

ဒေါ်လှလွန်းလည်း ထွက်သွားတဲ့အနမ်းရဲ့ ကျောပြင်လေးကိုကြည့်ကာ သဘောကျပြီး ပြုံးနေသည်။ သေချာတာတစ်ခုကတော့ ... သူ့အနမ်းလေးကို ချွေးမတော်ချင်တာပဲ ... ကလေးဆန်ဆန် ချွဲနွဲ့တတ်တာနဲ့ ... အမြဲတလွဲလုပ်နေတာလေးကလွဲရင် ... အနမ်းလေးက အိမ်မှုကိစ္စ နိုင်နင်းပါတယ် သားမှာချစ်သူမရှိပါစေနဲ့လို့ သူမဆုတောင်းတယ် ... ရှိနေခဲ့ရင်လည်း ... အနမ်းလေးနဲ့ပဲ ပေးစားမှာ ဒေါ်လှလွန်းမေရဲ့ ချွေးမနေရာကို ... နမ်းရှိုက်ခွင့်ဆိုတဲ့ ... သူမလေးကိုပဲ အပိုင်ပေးမှာ ...။

***

အနမ်းလည်း အန်တီက အကျီလဲဆိုတာကြောင့် ... အိမ်ပြန်လာခဲ့သည်။

ရေမိုးချိုးကာ အဝတ်အစား မြန်မြန်လဲပြီး ဆင်းလာတော့ ... မေမေနဲ့တွေ့ကာ မေမေက...

"ဟဲ့မိအနမ်း ... အဲဒါ ဘယ်သွားမလို့လဲ ... "

"ဟို ... အန်တီလှလွန်းက အပြင်သွားဖို့ခေါ်လို့ လိုက်သွားမလို့ ... မလိုက်ရဘူးလားဟင် ... "

"အကုန်လုံး ပြင်ဆင်ပြီးနေမှတော့ သွားတော့ ... "

"ဟီး ... အဲဒါကြောင့် မေမေ့ကိုချစ်တာ ... အနမ်းကို မုန့်ဖိုးပေးဦး ... "

"နေဦး ... သွားယူလိုက်ဦးမယ် ... "

"ဟုတ် ... "

ခဏကြာတော့ မေမေအခန်းထဲက ထွက်လာကာလက်ထဲမှာ ပိုက်ဆံတစ်အုပ် ပါလာသည်။

"ရော့ ... ၁သိန်းပဲရမယ်နော် ... "

"ဟုတ်ကဲ့ ရပါတယ်ရှင့် ... အာဘွားမေမေရေ သွားပြီ ... "

အနမ်း မုန့်ဖိုးပိုက်ဆံ ယူပြီးတာနဲ့ သူလွယ်ထားတဲ့ အိတ်လေးထဲထည့်ပြီး မေမေ့ရှေ့မှ ပြေးထွက်လာခဲ့သည်။ စောနက ပုံနဲ့များတခြားစီ မိအနမ်းတို့ အပြောင်းအလဲမြန်ချက်။

***

ဟိုဘက်အိမ်ရောက်တော့ အန်တီက...

"ဟယ် ... လှလိုက်တာ သမီးလေးရယ် ... "

"ဟုတ် ... ကျေးဇူးပါအန်တီ ... အန်တီလည်းလှတယ် ... ပြီးတော့အန်တီ ဝတ်ထားတာက အနမ်းနဲ့ အရောင်အတူတူပဲနော် ... "

"ဟုတ်ပ့ါ ... သမီးပြောမှ သတိထားမိတယ် ... "

အနမ်းဝတ်ထားတာက ... အဝါနုရောင် ဒူးအောက်ဂါဝန်လေးပါ ... အန်တီဝတ်ထားတာက အနမ်းလို အဝါနုရောင်လေးကို ရင်ဖုံးလက်ရှည်လေး လူကြီးဆန်ဆန်လေး ချုပ်ဝတ်ထားတာ။

အနမ်းက ဂါဝန်လေးကိုဝတ်ပြီး ... ဆံပင်လေးကို နှစ်ဖက်ခွဲစည်းထားတာ ... မျက်နှာကတော့ ... အမြဲလိမ်းနေကျ အတိုင်းလေးပဲ နှုတ်ခမ်းကိုတော့ ... လိမ္မော်ရောင် ဖျော့ဖျော့လေး ဆိုးထား၏။ ... ပိုက်ဆံအိတ် အနက်ရောင်လေးကို လွယ်ထားကာ သူမရဲ့ပုံလေးက ကလေးတစ်ယောက်လို ချစ်ဖို့ကောင်းပါတယ် အနမ်းကဘာပဲနေနေ ... အရောင်ဖျော့တာလေးတွေ ... အရောင် နုတာလေးတွေပဲ ကြိုက်တာပါ ... အရောင်ရင့်တာတွေ မြင်ရင် ခေါင်းမူးတတ်တာ အနမ်း ငယ်ငယ်လေးကတည်းက အကျင့်။

နေမဝင်အိမ်ထဲက ထွက်လာတော့ ... ဟိုကောင်မလေးကို ကြည့်ပြီး သူ့ရင်ထဲ တစ်မျိုးလေး ဖြစ်သွားခဲ့သည် ... ဒါပေမဲ့ ဘာဖြစ်လဲ ဆိုတာကိုတော့ သူ မဆန်းစစ်ပါ ... သူ့မှာ သူအရမ်းချစ်ပြီး ... သူ့ကိုလည်း ချစ်တဲ့ချစ်သူ ရှိနေလို့

လေ ...

"ကဲ ... ပြီးပြီဆိုရင် သွားမယ် ... မေမေတက် ... "

"အင်း သား ... လာသမီးလေး ... "

"ဟုတ် ... အန်တီ ... "

သူတို့လည်း ... ဘုရားမသွားခင် မနက်စာ ဆိုင်တစ်ဆိုင်မှာ အရင်ဝင်စားလိုက်သည်။

မနက်စာ စားပြီးတော့မှ ... ဘုရားဘက်သို့ ထွက်လာခဲ့သည်။ ဘုရားရောက်တော့ ... Lift က တက်ရင် လူများပြီး အန်တီအသက်ရှူ ကျပ်မှာစိုးလို့ ရိုးရိုးလှေကားကနေ တက်လာခဲ့တယ်။

တစ်နေရာရောက်တော့ ... အနမ်းလည်း လှေကားပေါ် ခြေထောက်တင်တာ ချော်ပြီး အနောက်ယိုင်ကျသွားသည်။ ဒါကိုမြင်ပြီး ... ပန်းဝယ်ရင်း အနောက်ကလိုက်လာတဲ့ ဦးက လှမ်းထိန်းပေးလိုက်ရာ ... အနမ်း ဦးရင်ခွင်ထဲ ရောက်သွားသည်။ တစ်ခါမှရင်မခုန်ဘူးတဲ့ သူမ ... ဦးရင်ခွင်ထဲ ရောက်သွားတော့ ... သူမရင်ထဲ ရထားတစ်စင်း ဖြတ်မောင်းသွားသလို အခုန်မြန်သွားသည်။

နေမဝင်လည်း ... ဟိုကောင်မလေး ကျသွားမှာစိုးသဖြင့် လှမ်းထိန်းလိုက်ရာ ... သူ့ရင်ခွင်ထဲ ရောက်လာသည် ... အဲဒီကောင်မလေး သူ့ရင်ခွင်ထဲရောက်လာတော့ ... သူ့ရင်ထဲမှာ အပူလှိုင်းလေး တစ်ခု စီးဆင်းသွားသည်။ ဒါပေမဲ့ ဥပေက္ခာပြုကာ မသိဟန်ဆောင်ပြီးတော့ ... လွှတ်ပေးလိုက်သည်။

ထိုကောင်မလေးလည်း ... သူ့လွှတ်လိုက်လို့ဖယ်ပြီး ... အဲဒီကျမှ သူလည်း အခွင့်ရတာနဲ့ ပြောတော့သည် ...

"မင်း ... ဘယ်လို လှေကားတက်တာလဲ ... အခန့်မသင့်ရင် ပြုတ်ကျပြီး

သေသွားလိမ့်မယ် သိလား ... တော်သေးတာပေ့ါ ငါအနောက်မှာရှိနေလို့ ... နမော်နမဲ့နဲ့ ဘယ်လိုကောင်မလေးမှန်း မသိဘူး ... "

အနမ်း ဦးဘာပြောပြော ပြန်မပြောနိုင် ဦးပြောသမျှကို ကြောင်ပြီးကြည့်နေသည်။ ... ဘာလို့လဲဆိုတော့ ... ပြုတ်ကျမှာစိုးတဲ့ စိတ်ကြောင့် ရင်တုန်တာရယ် ... ဦးထိန်းလိုက်လို့ ဦးရင်ခွင်ထဲရောက်ပြီး ရန်ခုန်နေတာရယ် ကြောင့်ပါ ... နောက်မှအန်တီက...

"သမီး ... အနမ်းလေး ... သမီး ... သမီး ... နမ်းရှိုက်ခွင့်"

ဒေါ်လှလွန်းမေ သမီးလေးကိုခေါ်ပြီး လက်လေးပုတ်လိုက်မှ သမီးက သတိပြန်ဝင်လာသည်။

"ဟင် ... ရှင် ... အန်တီ ... "

"ရလားသမီး ... လန့်နေသေးလား ... "

"ဟုတ် ရပါတယ်အန်တီ ... နည်းနည်းပါ သွားမယ်လေ ... အနမ်းကြောင့် အနှောင့်အယှက် ဖြစ်သွားပြီ ... "

"ရပါတယ် ... ... သမီးအဆင်ပြေရင် သွားမယ်လေ ... "

"ဟုတ် ... "

ထိုနေ့တစ်နေ့လုံး သူမတို့ လျှောက်လည်ခဲ့ကြသည် ... အန်တီကလည်း အနမ်းသွားချင်တဲ့ နေရာတွေမှန်သမျှ ဦးကို ကားမောင်းပို့ခိုင်းသည် ... ဦးကတော့ မျက်နှာကြီးကို သုန်မှုန်နေတာပဲ။

***

အိမ်ရောက်တော့ သူမလည်း အခန်းထဲဝင်ကာ မနက်ကအကြောင်း စဉ်းစားနေမိတယ်။

ဦးရင်ခွင်က နွေးထွေးလိုက်နော် ... သူမအတွက်သာဆိုရင် သိပ်ကောင်း

မှာပဲ ... ဦးရယ် ... အနမ်းလေ ... ဦးကိုချစ်တယ်သိလား ... ဒါပေမဲ့ အနမ်း မိန်းကလေးတန်မယ့် ဖွင့်တော့မပြောပါဘူး ... ဦးအထင်သေးသွားမှာစိုးတယ် ... ဦးမျက်လုံးထဲမှာ ... အနမ်းကို အထင်သေးစရာ မိန်းကလေးလို့ မြင်သွားမှာစိုးတယ် ... အနမ်းရဲ့ အချစ်စစ်မှန်ရင် ... တစ်နေ့ အနမ်း ဦးရဲ့ အချစ်ကို ပိုင်ဆိုင်ရမှာပါ။

အနမ်းတွေးရင်း ... အတွေးကိုရပ်ကာ ... ရေချိုးဖို့ ရေချိုးခန်းထဲ ဝင်ခဲ့တော့သည်။

***

နောက်တစ်နေ့ရောက်တော့ ... အနမ်း ကျောင်းသွားဖို့အတွက် ပြင်ဆင်ပြီး ... မနက်စာစားရန် အောက်ထပ် ဆင်းလာခဲ့တော့သည်။ မီးဖိုချောင်ထဲရောက်တော့ ဖေဖေ့ကိုတွေ့ကာ နှုတ်ဆက်လိုက်သည်။

"Morning ဖေဖေ ... "

"Morning သမီး ... ဖေဖေ့သမီးလေးက လှလိုက်တာ ... ဘယ်သူနဲ့တူလို့လဲ ... "

"ဖေဖေနဲ့တူလို့ ... "

အနမ်းပြောလိုက်တော့ ... ဖေဖေက သဘောကျပြီး အနမ်းပါ လိုက်ရယ်လိုက်သည်။ သားဖနှစ်ယောက်လုံး သဘောကျကာ ရယ်နေတာကို ... မေမေက ဝင်လာတာနဲ့တွေ့ပြီး...

"ဒီသားဖတွေ ဘာတွေ သဘောကျနေတာလဲ ... "

အနမ်းကပဲ မေမေ မေးတာကို ဖြေလိုက်သည်။

"ဘာမှဟုတ်ပါဘူး မေမေရဲ့ ... "

"ဘာမှမဟုတ်ရင်လည်း စားတော့ ... ကိုကောင်းထက် ရှင်ဒီနေ့

အရေးကြီးလူနာ ခွဲစိတ်ဖို့ ရှိတယ်ဆို ... "

အနမ်းဖေဖေ ဦးကောင်းထက်က အထူးကုဆရာဝန် တစ်ယောက်ပါ။ အနမ်းမေမေကတော့ အိမ်မှာနေရင်း အနမ်းတို့အတွက် အိမ်ထောင့်တာဝန် စီမံခန့်ခွဲပေးတဲ့ အိမ်မရှင်တစ်ဦး။

"ဟုတ်တယ်နန်း ... ကိုယ်စားပြီးတာနဲ့ သွားတော့မှာ ... "

"ကျွန်မက အတင်းနှင်တာ မဟုတ်ဘူးနော် ... ရှင်မေ့နေမှာစိုးလို့ ... "

"မမေ့ပါဘူး ... နန်းရယ် ... "

"အင်းပါ ... ဩော်ဒါနဲ့ ... သမီးကရော ... ကိုယ့်ကားနဲ့ကိုယ် သွားမှာလား လွှမ်းနဲ့ သွားမှာလား ... "

"မေမေရာ ... အနမ်းကားကိုတော့ ဆီအကုန်မခံနိုင်ပါဘူး ... လွှမ်းရှိနေတာပဲ ... သူနဲ့ သွားမှာပေ့ါ ... ... ဟော ... ပြောရင်းနဲ့ ကားသံကြားတယ် ... ... "

လွှမ်းလည်း ... ကားရပ်ကာ ... အနမ်းတို့အိမ်ထဲ ဝင်လာခဲ့သည် ... ဧည့်ခန်းမှာ မတွေ့တာနဲ့ ထမင်းစားခန်းထဲ ဝင်လာရာ ... အနမ်းကို စချင်တာနဲ့...

"စားရကံကြုံတုန်း မုတ်ဆိတ်ပျားစွဲတာပဲ ... "

လွှမ်းပြောရင်း အနမ်းတို့ မနက်စာစားတဲ့နား ရောက်လာခဲ့သည်။

"အောင်မာ ... နင့်ကိုဘယ်သူက ကျွေးမယ်ပြောလို့လဲ ... "

လွှမ်းကလည်း အနိုင်မခံ အနမ်းကိုပြန်စသည်။

"အနမ်း ... နင်ကလေ ... ရုပ်လေးချောသလောက် ... "

လွှမ်းစကားမဆုံးခင် ... အနမ်းက ထပြောလိုက်သည်။

"ရုပ်လေးချောသလောက် ဘာဖြစ်လဲ ဆက်ပြောလေ ... "

"လူလည်းလှတယ်လို့ ... ပြောမလို့ပါဟာ နင်ကလည်း ... "

"ငါလှတာငါသိတယ် ... နင်ပြောစရာမလိုဘူး ... "

အနမ်း ဖေဖေနဲ့မေမေက ... အနမ်းတို့နှစ်ယောက်ကို ကြည့်ပြီးရယ်နေသည် ... နောက်မှ အနမ်းမေမေက...

"သား ... ဘာမှမစားရသေးရင် ဝင်စားလေ ... "

"တော်ပြီအန်တီသင်ဇာ ... သားအနမ်းကိုစတာ အိမ်မှာစားခဲ့ပြီးပြီ ... အခုက ကျောင်းသွားဖို့ လာခေါ်တာ ... "

"အင်းပါ ... "

"ကဲပြီးပြီသွားမယ် ... မေမေ ... ဖေဖေ ... အနမ်း ကျောင်းသွားတော့မယ်နော် ... "

ပြောကာ ... သူမဖေဖေနဲ့မေမေကို နမ်းပြီး ထွက်လာခဲ့သည်။ ကားပေါ်ရောက်တော့ လွှမ်းက...

"အနမ်း ... နင်ဒီနေ့ အရမ်းလှတယ်သိလား ... "

"ငါလှတာ ငါသိပါတယ် ... "

ပြောရင်း ... လွှမ်းကလည်းစ ... အနမ်းကလည်း လှမ်းရိုက်ရင်းနဲ့ ... လွှမ်းလည်း ကားမောင်းနေတာကြောင့် ... အနမ်းလက်လေးကို ကိုင်ထားလိုက်သည်။

"ဟဲ့ ... လွှမ်း ... လွှတ်လေ ငါ့လက်ကို ဘာလို့ကိုင်ထားတာလဲ ... "

"ငါလွှတ်ရင် ... နင်ကငါ့ကို ထပ်ရိုက်မှာလေ ... "

"မရိုက်ပါဘူးဆို ... လွှတ်ဟာ ... "

လွမ်းလည်း မလွှတ်ချင်လွှတ်ချင်နဲ့ ... လွှတ်ပေးလိုက်ရသည်။ စိတ်ထဲမှလည်း ... ငါနင့်ကို ချစ်မိနေပြီ အနမ်းရယ် ... ငါနင့်ကိုဘယ်လိုပြောရမလဲ။ နင်စိတ်ဆိုးမှာလည်း ငါကြောက်နေတယ် ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ငါဖွင့်ပြောဖို့ ကြိုးစားမှာပါ။

ကျောင်းရောက်တော့ ... ကိုယ့်အခန်းထဲ ကိုယ်ဝင်သွားကြတယ် ...

လွှမ်းကတော့ အနမ်းကို စိတ်မချခြင်းတွေနဲ့ ကြည့်နေလေရဲ့ ... အနမ်းကတော့ သူ့ကို လွှမ်းကြည့်နေတာ မသိဘူး ... သူ့သူငယ်ချင်းတွေနဲ့ စကားပြောရင်း ဝင်သွားတယ် ... ...

"အနမ်းရယ် ... ငါလေနင့်ကို စိတ်မချဘူး ... "

လွှမ်း တစ်ယောက်တည်း တိုးတိုးလေးပြောကာ ... ထွက်လာခဲ့တော့သည်။

***

တစ်ဖက်က နေမဝင်လည်း အလုပ်ထဲမှာ ဟိုနေ့ကဘုရားမှာ ဖြစ်တဲ့အကြောင်း စဉ်းစားနေသည်။ ဟာ ... ငါဘာတွေတွေးနေတာလဲ ... ... ငါ့မှာမေရှိတယ် ... ငါ့စိတ်တွေက မေ့ဆီမှာပဲ ရှိရမှာဆိုပြီး တွေးနေရင်း ... နေမဝင်ရဲ့ဖုန်းလေး မြည်လာသည်။

ဒူ ... ဒူ ... ဒူ ...

"ဟယ်လို ... မေပြော ... "

"ဟယ်လို ... ကို ... မေ ရန်ကုန် ပြန်ရောက်ပြီ ... "

"ဟင် ... မေပြန်ရောက်တာ ဘာလို့ကိုယ့်ကို မပြောတာလဲ ... "

"မေက ... ကို့ကို Surprise ဖြစ်စေချင်လို့ မပြောတာလေ ... နောက်တစ်ခုလည်း ရှိသေးတယ်"

"ဘာလဲမေ ... "

"မေ့ မိဘတွေကို ... ကိုနဲ့ချစ်သူဖြစ်နေတာ ပြောပြလိုက်ပြီ ... မေ့မိဘတွေက အဲဒါ ကို့ကို တွေ့ချင်တယ်တဲ့ ... "

"မြန်လှချည်လား ... ကိုယ်တောင် ဘာမှမသိဘူး ... "

"မေလည်း ပြန်ရောက်ရောက်ချင်း ပြောလိုက်တာ ... ကိုရော ... ကို့မေမေကို ပြောပြီးပြီလား"

"ကိုယ်က ... မေ့ရဲ့လက်ကိုတွဲပြီး ... မေမေ့ရဲ့ရှေ့မှာ ဒါကျွန်တော့်ချစ်သူပါလို့ ပြောမှာ ... "

"ကိုကတော့ပိုပြီ ... "

"မပိုပါဘူးကွာ ... ... "

" ... ... "

" ... ... ... "

" ... ... ... "

"အဲဒါဆို ဒါပဲလေကို ... bye ... bye ... "

"bye ... မေ ... ကိုယ်အလုပ်တွေ အားတဲ့နေ့ လာခဲ့မယ်နော် ... "

"အင်းကို ... ဒါပဲ မေ ဖုန်းချလိုက်တော့မယ်နော်"

*****